E.N.C.
Ethnic Nationalities Council (Union of Burma)
တိုင်းရင်းသားလူမျိုးများကောင်စီ (ပြည်ထောင်စုမြန်မာနိုင်ငံ)
P. O. Box - 49, Chiang Mai University, Chiang Mai, 50202, THAILAND
E-mail: <office@encburma.org>, http:// www. encburma.org

---

ပဥ္စမအကြိမ်မြောက် တိုင်းရင်းသားလူမျိုးများ ညီလာခံ

၂၀၀၈ ခုနှစ် ဩဂုတ်လ (၂၆–၂၈) ရက်

## နအဖ၏ ၂၀၁၀ ခုနှစ် အထွေထွေရွေးကောက်ပွဲအပေါ် သဘောထားထုတ်ပြန်ကြေငြာချက်

ထုတ်ပြန်ကြေညာချက်အမှတ် – ၈/၂၀၀၈

သက္ကရာဇ် ၂၀၀၈ ခုနှစ် ဩဂုတ်လ (၂၉) ရက်

နအဖ၏ လမ်းပြမြေပုံသည် ၁၉၉၀ ပြည့်နှစ် ပါတီစုံအထွေထွေရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့သူများကို လုံးဝပါဝင်ခွင့်မပေးခဲ့ချေ။ ထို့အတူ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် တိုင်းရင်းသားလူမျိုးများမှတင်ပြခဲ့သော အကြံပြုချက်များကိုလည်း အမြဲတစေ ငြင်းပယ်ခဲ့သည်။ စစ်အာဏာရှင်အုပ်စု၏ ဖွဲ့စည်းပုံအခြေခံဥပဒေသည် အာဏာများကို သမ္မတနှင့် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၏လက်ဝယ်စုပုံထားရှိသည်ကို တွေ့ရသည်။ ထို့အပြင် ယင်းဥပဒေတွင် လွတ်လပ်သည့်တရားစီရင်ရေးစနစ်နှင့် ဗဟို ချုပ်ကိုင်မှုလျော့နည်းသော အုပ်ချုပ်မှုအာဏာခွဲဝေရေးစနစ်များကို လုံးဝမတွေ့ရပေ။ တပ်မတော်သည် ဥပဒေ၏အထက်တွင် ရှိပြီး လာမည့် ၂၀၁၀ ရွေးကောက်ပွဲမှ အစိုးရပေါ်ပေါက်စေကာမူ ယင်းအစိုးရနှင့် သီးခြားကင်းလွတ်၍ ရပ်တည်နေသည်ကို လည်းတွေ့ရှိရသည်။ ထို့ကြောင့် စစ်အာဏာရှင်အုပ်စု၏ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေသည် စစ်အာဏာရှင်များ၏ ဆောင်ပုဒ်ဖြစ်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ (သို့မဟုတ်) ဒီမိုကရေစီကျင့်စဉ်များကို အပြည့်အဝအကောင်အထည် ဖော်နိုင်မည် မဟုတ်ချေ။

အထက်ဖော်ပြပါ အဓိကအားနည်းချက်များကြောင့် နအဖ၏လုပ်ငန်းစဉ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံရှိ ပြည်သူများ၏ လိုအပ်ချက်ကိုပေါ်လွင်စေပြီး အားလုံးပါဝင်စေသည့်လုပ်ငန်းစဉ်အဖြစ် ပြောင်းလဲနိုင်မှုမရှိမခြင်း ပဥ္စမအကြိမ်မြောက် တိုင်းရင်းသားလူမျိုးများညီလာခံအနေနှင့် နအဖ၏လမ်းပြမြေပုံကိုသော်လည်းကောင်း၊ ၂၀၁၀ ရွေးကောက်ပွဲကိုသော်လည်း ကောင်း၊ လုံးဝထောက်ခံနိုင်မည် မဟုတ်ပါ။

၁၉၉၀ ပြည့်နှစ်ရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့သော နိုင်ငံရေးပါတီများအနေနှင့်လည်း ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲသည် နအဖ၏ လမ်းပြမြေပုံကို တစိတ်တပိုင်း အကောင်အထည်ဖော်ခြင်းသာဖြစ်သဖြင့် ယင်းကို ဆက်လက်ဆန့်ကျင်ကန့်ကွက်သွားရန် လိုအပ်သည်ဟု မိမိတို့ညီလာခံမှ သုံးသပ်သည်။

ထို့အတူ အပစ်အခတ်ရပ်စဲရေး ပြုလုပ်ထားခြင်းမရှိသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေနှင့် နအဖကို ဆက်လက်၍ ဆန့်ကျင်တော်လှန်တိုက်ပွဲဝင်နေရမည်သာ ဖြစ်သည်။ သို့သော် နအဖအနေနှင့် ၎င်း၏လုပ်ငန်းစဉ်ကို ဒီမိုကရေစီနည်းကျပြင်ဆင်၍ အားလုံးပါဝင်နိုင်သည့်လုပ်ငန်းစဉ်အဖြစ် ပြုပြင်ပြောင်းလဲနိုင်ပါက အခြေအနေပြောင်းသွားနိုင်မည် ဟုလည်း ညီလာခံက သုံးသပ်မိပါသည်။

သို့သော် နအဖနှင့် အပစ်အခတ်ရပ်စဲထားကြသော အဖွဲ့အစည်းများအနေဖြင့် နိုင်ငံရေးပါတီထူထောင်၍ သော်လည်းကောင်း၊ ထူထောင်ပြီးသောနိုင်ငံရေးပါတီကိုထောက်ခံ၍ သော်လည်းကောင်း ရွေးကောက်ပွဲ၌ ပါဝင်ဆင်နွှဲခဲ့မည်ဆိုလျှင် ၎င်းတို့အနေဖြင့် ပြည်သူလူထုများဆန္ဒကို အမှန်တကယ်ဖြည့်ဆည်းထုတ်ဖော်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သင့်သည်ဟု ညီလာခံက ယူဆသည်။

ပြည်ထောင်စုအတွင်းရှိ ပြည်သူလူထုအပေါင်းမှာလည်း နအဖ၏ ခြိမ်းခြောက်ဖိနှိပ်မှုများကြောင့် ၂၀၁၀ ရွေးကောက်ပွဲတွင် အတင်းအကြပ်ပါဝင်ခိုင်းခြင်းကို မလွဲမရှောင်သာခံရလိမ့်မည်ဟု ညီလာခံက ထင်မြင်ယူဆသည်။ ထိုသို့သောအခြေအနေအောက်တွင် ပြည်ထောင်စုမြန်မာနိုင်ငံရှိ ပြည်သူများသည် အကြောက်တရားကိုဖယ်ရှားပြီး ၎င်းတို့အမှန်တကယ်လိုလားသည့် ဆန္ဒကို ထိထိရောက်ရောက်ထုတ်ဖော်ပြသနိုင်ကြရန် အဆင်သင့်ပြင်ဆင်ထားသင့်သည်ဟု ညီလာခံကတိုက်တွန်း လိုပေသည်။

အစိုးရတရပ်၏ တရားဝင်မှုကို အဆုံးအဖြတ်ပေးရာ၌ အခြေခံရမည့် စံချိန်စံနှုန်းမှာ ပြည်သူလူထု၏ဆန္ဒပင် ဖြစ်သည်။ ပြည်သူလူထု၏ဆန္ဒအမှန်ကို လွတ်လပ်စွာဖော်ထုတ်နိုင်ခြင်းလည်းမရှိ၊ တရားမျှတမှုလည်းမရှိပဲ ထွက်ပေါ်လာသော အစိုးရကို တရားဝင်သောအစိုးရဟု သတ်မှတ်နိုင်မည် မဟုတ်ချေ။ စစ်မှန်သောတရားဝင်ဖြစ်မှုကို ခြောက်လှန့်ခြင်းဖြင့်သော်၎င်း၊ လိမ်လည်လှည့်ဖြားခြင်းဖြင့်သော်၎င်း၊ လာဘ်ထိုးခြင်းဖြင့်သော်၎င်း ရရှိနိုင်မည်မဟုတ်ပါ။ စစ်မှန်သော တရားဝင်အစိုးရတရပ်ဆိုသည်မှာ လူထုထံမှထွက်ပေါ်ပြီး လူထုကရွေးကောက်တင်မြှောက်ပေးသည့်အပြင် လူထုအတွက် အလုပ်လုပ်ပေးသော အစိုးရမျိုးသာ ဖြစ်သည်။ အစိုးရတရပ်သည် ရွေးကောက်ပွဲတရပ်၌ အနိုင်ရအောင် အကြံအဖန်ပြုလုပ်နိုင် သော်လည်း တိုင်းပြည်၏ပြဿနာများကို ဖြေရှင်းနိုင်ခြင်းလည်းမရှိ၊ ပြည်သူလူထုကိုလည်း အကာအကွယ်မပေးနိုင်၊ ပြည်သူလူထု၏ အကျိုးစီးပွားကိုလည်း မဆောင်ကျဉ်းနိုင်ခဲ့လျှင် တရားဝင်မှုရှိသည်ဟူ၍ ယူဆနိုင်သည် မဟုတ်ပါ။

ထို့ကြောင့် —

(၁) နအဖအနေဖြင့် ဒေါ်အောင်ဆန်းစုကြည်နှင့် တိုင်းရင်းသားလူမျိုးများ၏ ခေါင်းဆောင်များပါဝင်သည့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲတရပ်ကို ခေါ်နိုင်ရန် ဦးဆောင်စီစဉ်ပေးပြီး၊ ပြည်ထောင်စုမြန်မာနိုင်ငံ၏ တရားဝင်သောအစိုးရတရပ် အမှန်တကယ်ဖော်ထုတ်နိုင်ရေးကို ဦးတည်၍ ဆွေးနွေးသင့်ကြောင်း ပဉ္စမအကြိမ်မြောက် တိုင်းရင်းသားလူမျိုးများညီလာခံက တောင်းဆိုလိုက်သည်။

(၂) ကမ္ဘာ့ကုသမဂ္ဂအပါအဝင် နိုင်ငံတကာမိသားစုများအနေနှင့်လည်း မြန်မာပြည်သူများကို ကြောက်ရွံ့မှု ကင်းဝေးစွာဖြင့် ၎င်းတို့၏ စစ်မှန်သောဆန္ဒများကို ဖော်ထုတ်ခွင့်ရရှိစေရန်အတွက် ပံ့ပိုးကူညီပေးကြပါရန်ကိုလည်း ပဉ္စမအကြိမ်မြောက် တိုင်းရင်းသားလူမျိုးများညီလာခံက တောင်းဆိုလိုက်သည်။

(၃) ပြည်ထောင်စုမြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးပြဿနာရပ်များအားလုံးကို ဖြေရှင်းသွားနိုင်ရေးအတွက် ကမ္ဘာ့ကုလသမဂ္ဂ၏ ကြီးကြပ်မှုအောက်တွင် အိမ်နီးချင်းနိုင်ငံများပါဝင်သော Multi-Party Talk ကို နအဖအား တွေ့ဆုံဆွေးနွေးရေးလမ်းကြောင်းပေါ်သို့ရောက်ရှိရေးအတွက် ခေါ်ယူကျင်းပပေးသင့်ကြောင်း ပဉ္စမအကြိမ်မြောက် တိုင်းရင်းသားလူမျိုးများညီလာခံက တောင်းဆိုလိုက်သည်။

**ပဉ္စမအကြိမ်မြောက် တိုင်းရင်းသားလူမျိုးများညီလာခံ**

Contact Persons:

Duwa Mahkaw Hkun Sa
General Secretary
Tel:+66 (0) 8 4366 4238
Email: mungshawng@hotmail.com

Saw David Taw
Joint- General Secretary
Tel: +66 (0) 8 1306 4351
Email: tawdavid2002@yahoo.com